# ၂၀၂၄ ခုနှစ်ဆိုင်ရာ


# ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ စီမံခန့်ခွဲမှု နှင့် ထိန်းချုပ်မှု ဆိုင်ရာ လုပ်ဆောင်မှုများ

# Risk Management and Internal Control











## ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ စီမံခန့်ခွဲမှု နှင့် ထိန်းချုပ်မှု ဆိုင်ရာ လုပ်ဆောင်မှုများ

## (Risk Management and Internal Control)

စီးပွားရေး လုပ်ငန်းတစ်ခုအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးသည် အလွန်အရေးကြီးသည့် အကြောင်းအရာတစ်ရပ်ဖြစ် တည်ရှိလျှက်ရှိနေဆဲဖြစ်ပါသည်။သို့ရာတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးသည် စီးပွားရေး လုပ်ငန်းတစ်ခုအတွက် ကြီးမားသည့် စိန်ခေါ်မှု တစ်ရပ်လည်းဖြစ်နေပြန်ပါသည်။

ထိုသို့ဖြစ်နေရခြင်းသည် စီးပွားရေးလုပ်ငန်းများ၏ business environment ဟုခေါ်ဆိုသည့် စီးပွားရေးဝန်းကျင်တွင်ရှိနေသည့် စီးပွားရေးလုပ်ငန်းတစ်ခုအား ပြိုလဲကျသွားစေနိုင်သည်အထိ ဖြစ်စေနိုင်သည့် နည်းပညာရပ်ပိုင်းဆိုင်ရာ၊ နိုင်ငံရေးနှင့် မူဝါဒရေးရာ အပြောင်းအလဲများ စသည့်အကြောင်းများကြောင့် ပေါ်ပေါက် လာသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ ကြောင့် ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါစိန်ခေါ်မှုအား လက်တွေ့ဆန်သည့်ဖြေရှင်းမှု များ ဖြင့်သာ ကျော်လွှန်နိုင်မည်ဖြစ်ပြီး အကောင်းဆုံးသောနည်းလမ်းသည် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ အား ကောင်းမွန်ထိရောက်သည့် စီမံခန့်ခွဲမှု တစ်ရပ်ဖြင့် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

**Corporate Risk Management (CRM)**

Proven Group of Companies ၏ စီးပွားရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဥ်းသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား Corporate Risk Management (CRM) စနစ်ဖြင့် Group of Companies ၏ သက်ဆိုင်ရာ ကုမ္ပဏီအသီးသီးက ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပါသည်။


အဆိုပါ Corporate Risk Management (CRM) အရ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား အောက်ပါ အဆင့် များ အတိုင်း လုပ်ဆောင်ပါသည်-

| | | |
|---|---|---|
| (က) | ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ဖော်ထုတ်ခြင်း | (Risk Anticipation) |
| (ခ ) | ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ခွဲခြမ်း ဆန်းစစ်ခြင်း | (Risk Analysis) |
| (ဂ ) | ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား အကဲဖြတ် စိစစ်ခြင်း | (Risk Evaluation) |
| (ဃ) | ကာကွယ်မည့် နည်းလမ်းများ ချမှတ် ကျင့်သုံးခြင်း | (Risk Control) |

Corporate Risk Management (CRM) စနစ်တွင် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ကုမ္ပဏီ အသီးသီးမှ ဒါရိုက်တာ အဖွဲ့ (Board of Directors) က ပင်မ တာဝန်ယူဆောင်ရွက်ပါသည်။

သက်ဆိုင်ရာ ကုမ္ပဏီ အသီးသီးတွင် မန်နေဂျာများဖြင့် ဖွဲ့စည်းထားသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ဖော်ထုတ်ခြင်း အဖွဲ့ (Risk Anticipation Team) များသည် လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ Proven Group of Companies ကချမှတ်သည့် မူဝါဒများ၊ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်ကောင်း ပေါ်ပေါက်နိုင် သည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ခန့်မှန်းဖော်ထုတ်ခြင်း၊ ခွဲခြမ်း ဆန်းစစ်ခြင်း၊ အကဲဖြတ် စိစစ်ခြင်း၊ ထိန်း ချုပ်ရေး ဆိုင်ရာနည်းလမ်းများ တည်ဆဲ မူဝါဒများ၊ လုပ်ထုံး လုပ်နည်းများဖြင့် ဖြေရှင်းနိုင်မှု ရှိမရှိ စစ်ဆေးပါသည်။ အတွင်း စာရင်းစစ်ဌာန (Internal Audit) နှင့် ညှိနှိုင်းမှုပြုလုပ်ပြီး လိုအပ်ပါက ဆောင်ရွက်မည့် နည်းလမ်း၊ မူဝါဒရေးရာ အဆိုပြုချက်များအား သက်ဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြကြပါသည်။

သက်ဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာက လိုအပ်သည့် ထိန်းညှိမှုများ ပြုလုပ်၍ စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များအား စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြပြီး ကော်မတီက ကာကွယ်မည့် နည်းလမ်းများ အဆိုပြုကာ ဒါရိုက်တာအဖွဲ့က သုံးသပ်ချက်များ ပြုလုပ်ပြီး အကောင်ထည်ဖော် ဆောင်ရွက်ပါသည်။



လက်ရှိ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း Proven Group of Companies အနေဖြင့် Corporate Risk Management (CRM) စနစ်ဖြင့် ဆောင်ရွက် ထားမှုအရ အောက်ပါ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ကြုံတွေ့ နိုင် ကြောင်း စိစစ်ဖော်ထုတ်ရရှိထားပါသည်-

(က) Environment Risk
(ခ) Society Risk
(ဂ) Political Risk
(ဃ) Energy Risk
(င) Supply Chain Risk
(စ) Logistic Risk
(ဆ) Operation Risk
(ဇ) Government and Compliance Risk
(ဈ) Financial Risk
(ည) HR Risk

အဆိုပါ စိစစ်ဖော်ထုတ်ရရှိထားသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား Proven Group of Companies အနေဖြင့် ဖော်ပြနည်းလမ်းများဖြင့် တုန့်ပြန်ဖြေရှင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| Risk | Description of Risk | Risk Analysis | Control Measures |
|---|---|---|---|
| **Environment** | Impacts on business operation | သက်တမ်းကုန်သည့် ဘက်ထရီများ စွန့်ပစ်ရန် အခက်အခဲ၊<br>စက်ရုံထုတ် စွန့်ပစ် ပစ္စည်း များကို ရှင်း လင်း ခြင်း အကန့် အသတ်များ၊<br>သုံးစွဲသူများအား အသိ ပညာ ဖြန့်ဝေခြင်းတွင် ကျယ်ပြန့်မှု အခက်အခဲ | (၁)သဘာပတ်ဝန်းကျင် ဆိုင်ရာလှုပ်ရှားမှုများတွင် ဦးဆောင်အခန်း ကဏ္ဍ ရယူပြီး မိမိတို့၏ ထုတ်ကုန် ပစ္စည်း သုံးစွဲသူများပါ ပါ ဝင်လာအောင် ဆောင်ရွက်ခြင်းနှင့် အသုံးပြုပြီးသည့် ထုတ်ကုန်ပစ္စည်များ စွန့်ပစ်ခြင်း များအတွက် တာဝန်ယူ ဆောင်ရွက်ပေးခြင်း၊<br>(၂)ဥပဒေ၊နည်းဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ထုတ်ပြန်လာနိုင်သည့် ဥပဒေ၊နည်းဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်ရန် အစီအစဉ်များ ပြင်ဆင် ဆောင်ရွက် ထားခြင်း။<br>(၃)လုပ်ငန်း ဆောင်ရွက်နေမှုကြောင့် ပေါ်ထွက်လာနိုင်ဖွယ်ရာရှိသည့် သဘာဝပတ်ဝန်း ကျင်ထိခိုက်မှုများကို အစဉ်သုံးသပ် ဖော်ထုတ်ခြင်း၊ ဖော်ထုတ်ရရှိ လာသည့်အချက်များအပေါ်အခြေခံ၍ လက်ရှိကျင့်သုံးနေသည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု များ လျော့ချနိုင်ရေး ဆောင်ရွက်ချက်များကို ပိုမိုကောင်းမွန်သည့် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း၊<br>(၄)Green and Renewable Energy သုံးစွဲမှုကို ပိုမိုဆောင်ရွက်မည့် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း၊ |
| **Society** | Impacts on every business cycle of the Group of Companies | ခေတ်ပေါ် application များ သုံးစွဲမှု အကန့်အသတ်၊<br>လမ်းကြောင်း ခရီးစဉ်များ စီစဉ်မှု အခက် အခဲ၊<br>ဝန်ထမ်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း များ အကန့်အသတ်၊ | (၁) အများပြည်သူအနေဖြင့် ကုမ္ပဏီအဖွဲ့စု (Group of Companies) အပေါ် ထိတွေ့ဆက်သွယ်နိုင်မည့် နည်းလမ်းနှင့် ကုမ္ပဏီအဖွဲ့စု (Group of Companies) အနေဖြင့်လည်း အလားတူ ထိတွေ့မည့်နည်းလမ်းများ သတ်မှတ် ဆောင်ရွက်ခြင်း၊<br>(၂)ရောင်းချမှု အပေါ် ပွင့်လင်းမြင်သာစေမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ် ရောင်းချသည့် ကုန်ပစ္စည်းသည် အခြေခံလူတန်းစားအထိ ရောက်ရှိအကျိုးပြုသည့် ပစ္စည်းဖြစ်ကြောင်း ဆက်သွယ် အသိပေးနိုင်မည့် လမ်းကြောင်းများ ချမှတ်ထားခြင်း၊<br>(၃)ထုတ်လုပ်မှု လုပ်ငန်းစဉ်များအပေါ် ပွင့်လင်းမြင်သာစေမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုကြောင့် လူမှုပတ်ဝန်းကျင် ထိရောက်မှုမဖြစ်စေရေး အစီအမံများ ချမှတ် ဆောင်ရွက်ခြင်းနှင့် ထုတ်ကုန်ဆိုင်ရာသတင်းအချက်အလက်များစဉ်ဆက်မပြတ်ပေးနိုင်မည့် အစီအစဉ်များ ချမှတ် ဆောင်ရွက်ခြင်း၊ |
| **Political** | Impacts on business operation | ဈေးကွက်ယှဉ်ပြိုင်မှု၊ တရားမဝင် လမ်း ကြောင်းများ ကိစ္စ၊<br>အသွားအလာ ကန့်သတ်ချက်များ၊ | (၁)ဈေးကွက်ကို အခြေခံသည့်နည်းလမ်းအတိုင်း ကျင့်သုံးခြင်းနှင့်ကောင်းမွန်သည့် စီးပွားရေး လုပ်ငန်းဆောင်ရွက်မှု ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ခြင်း၊<br>(၂)တည်ဆဲ ဥပဒေ၊နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီလိုက်နာဆောင်ရွက်ခြင်းနှင့် ထုတ်ပြန်လာနိုင်သည့် ဥပဒေ၊နည်းဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာနိုင်ရန် ပြင်ဆင်ထားမည့် အစီအစဉ်များချမှတ်ထားခြင်း၊ |

| Risk | Description of Risk | Risk Analysis | Control Measures |
|---|---|---|---|
| **Energy** | Impacts on business operation | လျှပ်စစ်မီး မမှန်မှုနှင့် ဒီဇယ်ဆီဈေး တက်မှု အခက်အခဲ | (၁)စွမ်းအင်ဆိုင်ရာ အရန်လျောင်စနစ်များ ထပ်မံဆောင်ရွက်ခြင်း၊<br>(၂)လျှပ်စစ် စွမ်းအင် လိုအပ်ချက်ကို Green and Renewable Energy နှင့် ဖြည့်တင်းရန် ဆောင်ရွက်ခြင်း၊<br>(၃)စွမ်းအင်သုံးစွဲမှုကို လျော့ချနိုင်မည့်နည်းလမ်းများနှင့် engineering ဆိုင်ရာ မြှင့်တင်မှုများ ဆောင်ရွက်ခြင်း၊ |
| **Supply Chain** | Impacts on production and distribution | တင်သွင်းမည့် ပစ္စည်း များ တန်ဘိုး ပေးချေ သည့် အဆင့်အဆင့် လုပ် ငန်း ဆိုင်ရာ ရှုပ်ထွေးမှု၊<br><br>တင်သွင်းသည့် ပစ္စည်း များ ထုတ်ယူခြင်း လုပ် ငန်း အဆင့်ဆင့် အချိန်ကြာမြင့်မှု၊ ကုန်ကြမ်း ပစ္စည်းများ အချိန်ကိုက် ရောက်ရှိနိုင်ရန် လိုင်စင် အခက်အခဲ | (၁)Global Supply Chain အရ ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ခန့်မှန်ပြီး လိုအပ်သည့်ပြင်ဆင်မှုများ လုပ်ဆောင်မည့် အစီ အမံများ ချမှတ် ဆောင်ရွက်ခြင်း၊<br>(၂)တင်သွင်းရသည့် ပစ္စည်းများ သတ်မှတ်အချိန်ကာလ ထားရှိမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ လိုအပ်သည့် ကုန်ကြမ်းများအား ပြည်တွင်းမှ ဝယ်ယူနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်သည့်ကုန်ကြမ်းများအား သတ်မှတ်ထားသည့် အချိန်ကာအတိုင်းသတ်မှတ် ဈေးနှုန်း၊ အရည် အသွေးနှင့် အရေအတွက် ရရှိ နေစေရေး ပစ္စည်း တင်သွင်း သူများနှင့်ညှိနှိုင်းလုပ်ဆောင်မည့် အစီ အမံများ ချမှတ် ဆောင်ရွက်ခြင်း၊<br>(၃)Production Capacity နှင့် ရောင်းချမည့် အရောင်းပမာဏ Sale Volume နှင့် အချိန် ကိုက်ညီနိုင်စေရေး ညှိနှိုင်းဆွေး ဆောင်ရွက်ခြင်း၊<br>(၄)ရောင်းအားပေါ်မူတည်၍ လိုအပ်သည့် ပစ္စည်းများ အနည်းဆုံးနှင့် အများဆုံး ကာလများ အထိ ထားရှိမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ Balance Stock ထားရှိမည့် အစီအစဉ်များ ချမှတ် ဆောင်ရွက်ခြင်းနှင့် ကုန်ချော သတ်မှတ် ချက်အတိုင်း လစဉ်ထားရှိနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ |
| **Logistics** | Impacts on production and distribution activities | မော်တော်ယဉ် စီးရေ ကန့်သတ်ချက်များ၊<br>အသွားအလာ ကန့်သတ်ချက်များ၊ | (၁)ထိခိုက်ဆုံးရှုံးနိုင်ခြေကို ခန့်မှန်းဖော်ထုတ်ပြီး နေရာ၊နယ်မြေအခြေအနေနှင့် ပေးပို့/လက်ခံယူမည့် နည်းလမ်းများကို သတ်မှတ် ဖော်ထုတ် ဆောင်ရွက်ခြင်း၊ |

PROVEN GROUP OF COMPANIES

| Risk | Description of Risk | Risk Analysis | Control Measures |
|---|---|---|---|
| **Operation** | Impacts on business operation | ရှောင်တခင် ဘေး/ကျန်းဆိုင်ရာများ အသိပညာ ဖြန့်ဝေခြင်း အခက်အခဲ များ၊ စီမံမှုဆိုင်ရာ အားနည်းချက်များ၊ | (၁)မမျှော်လင့်ထားသည့် အခြေအနေများ နှင့် မျှော်လင့်ထားနိုင်သည့် အခြေအနေများပေါ် အမြန်ဆုံး တုန့်ပြန် ဖြေရှင်း ဆောင်ရွက်နိုင် မည့် အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊<br>(၂)လုပ်ငန်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရမည့်အကြောင်းအရာများကိုအချိန်နှင့်တပြေးညီလုပ်ဆောင်နိုင်ရန် အစီ အမံများ ချမှတ် ဆောင်ရွက်ခြင်း၊<br>(၃)လက်ရှိ ထုတ်လုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန် အောင် စီစဉ် ဆောင်ရွက်ခြင်း၊ |
| **Governance and Compliance** | Impacts on business operation | ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များအပေါ် အချိန်နှင့်တပြေးညီ လိုက်နာဆောင်ရွက်တွင် အခက်အခဲ များ၊ စီမံမှုဆိုင်ရာ လိုအပ်ချက်များ၊ | (၁)မိမိလုပ်ငန်းနှင့်ဆိုင်သည့် ထုတ်ပြန်သည့် ဥပဒေ၊နည်းဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာခြင်း၊<br>(၂)မိမိလုပ်ငန်းနှင့်ဆိုင်သည့် ထုတ်ပြန်လာနိုင်သည့် ဥပဒေ၊နည်းဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာနိုင်ရန် ပြင်ဆင်ထားမည့် အစီအစဉ်များချမှတ်ထားခြင်း၊<br>(၃)ကုမ္ပဏီအနေဖြင့် ဆောင်ရွက်နေသည့် စီမံခန့်ခွဲမှုများ၊ စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဝန်ထမ်းထု တစ်ရပ်လုံး သိရှိနေစေရန် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ မျှဝေခြင်းစသည့် လုပ်ဆောင်ချက်များ ချမှတ် ဆောင်ရွက်ခြင်း၊ |
| **Financial** | Impacts on Banking and FE Related | ဘဏ်များတွင် ငွေသွင်း/ငွေထုတ် ကန့်သတ် ချက် များ၊<br>ငွေလဲနှုန်းဆိုင်ရာ ကန့်သတ်ချက် များ၊<br>ငွေသား လိုအပ်ချက်များ၊ | (၁)ဘဏ်များတွင် ငွေသွင်း/ ငွေထုတ် ကန့်သတ်ချက်များကို ကုမ္ပဏီ လိုအပ်ချက်များ ရရှိနိုင်ရန်အတွက် သက်ဆိုင်ရာ ဘဏ်များနှင့် အချိန်တိုင်း ညှိနှိုင်း၍ ငွေသွင်း/ငွေထုတ်/ငွေလွှဲ ပြုလုပ်ခြင်း၊<br>(၂)ဗဟိုဘဏ် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊<br>(၃)stakeholder ၊ ပစ္စည်းရောင်းချသူများ၊ ဝယ်ယူသူများနှင့် ငွေပေးချေမှု ကိစ္စရပ်များအား များကို digital စနစ်/ online banking အသုံးပြုဆောင်ရွက်ခြင်း၊<br>(၄) ငွေသား လိုအပ်ချက်ကို အမြဲစောင့်ကြည့်၍ ဘဏ်များ၊ ညီနောင် ကုမ္ပဏီများနှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ |
| **HR** | Impacts on business operation | လုပ်ငန်းများအား ဆောင်ရွက်ရာတွင် လိုအပ်သည့် လူမှန်၊နေရာမှန် ရရှိရန် အခက်အခဲများ၊ | (၁)စွမ်းဆောင်ရည်ရှိသည့် ဝန်ထမ်းများရရှိစေရန် ဆောင်ရွက်ခြင်းနှင့်အဆိုပါဝန်ထမ်းများ လုပ်ငန်းခွင်တွင်ရှိနေစေရေး ဈေးကွက်နှင့် ကွဟချက်များ လွန်းခြင်း မရှိသည့် လုပ်ခလစာ အပါအဝင် အခြားခံစားခွင့်များ ရရှိအောင် စီစဉ် ဆောင်ရွက်ခြင်း၊<br>(၂)ဝန်ထမ်းအရည်အသွေးဆိုင်ရာ ပြောင်းလဲမှုနှင့် ကိုက်ညီမည့် လုပ်ဆောင်ချက်များ ချမှတ်လုပ်ဆောင်ခြင်း၊<br>(၃)အမြဲလေ့လာသင်ယူနေသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်နေစေရန် လုပ်ဆောင်ပေးခြင်း၊<br>(၄)စွမ်းဆောင်မှုအပြည့်အဝ လုပ်ဆောင်ပေးသည့် လုပ်သားထုများဖြစ်လာစေမည့် လုပ်ငန်းခွင် အခြေအနေများ ဖန်တီးပေးခြင်း၊ |

**Risk Management (PG) Year 2024**

| Impact on the Stakeholders | Low | Medium | High |
| --- | --- | --- | --- |
| **High** | | | **Environment**<br>**Society**<br>**Political**<br>**Energy**<br>**Supply Chain**<br>**Logistic** |
| **Medium** | **OSH** | **Strategy**<br>**Credit**<br>**Market**<br>**Pandemic**<br>**OSH** | **Operation**<br>**Governance and Compliance**<br>**Finance**<br>**HR** |
| **Low** | **Product**<br>**Technology**<br>**Communication** | **IT** | |

**Important to Proven Group of Companies**

**Low** **Medium** **High**